မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 17 , 2022 | Volume 52, Number 11

၁၇.၃.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၆ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၁၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၃၀ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၆၃.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၁.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၄၃.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၀၂.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၀.၀၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၄၅၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၉၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၃.၈၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၅၃၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## ဘဏ္ဍာနှစ် ၆ လအတွင်း မြန်မာ့ပဲမျိုးစုံတင်ပို့ရာမှာ မတ်ပဲက အများဆုံးဦးဆောင်

လက်ရှိ မီနီဘတ်ဂျက်ကာလ ၂၀၂၁ အောက်တိုဘာကနေ ၂၀၂၂ မတ်လ ၄ ရက်နေ့အထိ မြန်မာ့ပဲမျိုးစုံတင်ပို့မှုဝင်ငွေ အမေရိကန်ဒေါ်လာ ၆၀၈ သန်းကျော်ရရှိခဲ့ပြီး မတ်ပဲတင်ပို့မှုက အများဆုံးဖြစ်တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ပါတယ်။

ဖော်ပြပါကာလအတွင်းပဲမျိုးစုံတင်ပို့ရာမှာ ပင်လယ်ရေကြောင်းကနေ ဒေါ်လာ ၅၆၅ သန်းကျော်ဖိုး တင်ပို့ခဲ့ပြီး နယ်စပ်လမ်းကြောင်းကနေ ဒေါ်လာ ၄၃ သန်းဖိုးနီးပါး တင်ပို့နိုင်ခဲ့တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကနေ ထုတ်ပြန်ထားပါတယ်။

တင်ပို့သမျှ ပဲမျိုးစုံထဲမှာ မတ်ပဲက ဒေါ်လာ ၂၃၅.၇၀၄ သန်းနဲ့ အများဆုံး တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒုတိယအဖြစ် ပဲတီစိမ်းက ဒေါ်လာ ၂၀၂.၇၈၂ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ပဲစင်းငုံကိုတော့ ဒေါ်လာ သန်း ၆၀ ကျော်ဖိုးနဲ့ တတိယအများဆုံး တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံကနေ ပြည်ပကို ပဲအမျိုးအစားပေါင်း ၂၀ ကျော် တင်ပို့ရောင်းချခဲ့ပြီး အဲဒီထဲမှာ ပဲကတ္တီပါ၊ စွန်တာနီ၊ စွန်တာပြာတွေကိုတော့ တင်ပို့ရောင်းချနိုင်ခြင်းမရှိခဲ့ဘူးလို့ဆိုပါတယ်။

လတ်တလော ပဲဈေးကွက်ကိုကြည့်ရင် အိန္ဒိယက ပဲတင်သွင်းခွင့်ကာလ သတ်တမ်းကုန်ချိန် (မတ်လ ၃၁) ကို နီးလာတာနဲ့အမျှ ဝယ်လိုအားကောင်းနေလို့ ပြည်တွင်းရော ပြည်ပမှာမတ်ပဲနဲ့ ပဲစင်းငုံဈေးတွေ ဆက်တိုက် မြင့်တက်နေပါတယ်။

ပြည်တွင်း၊ ဘုရင့်နောင်ကုန်စည်ဒိုင်က မတ်ပဲ RC ဈေးဆိုရင် အစောပိုင်းလတွေမှာ တစ်တန်ကို ကျပ် ၁၃ သိန်းအောက်ထိ ကျဆင်းခဲ့ပေမဲ့ ဒီလထဲမှာ ကျပ် ၁၄ သိန်းအထက် အခိုင်အမာရပ်တည်လာတာတွေ့ရပြီး ပဲစင်းငုံပေါက်ဈေးကလည်း တစ်တန်ကျပ် ၁၄ သိန်းဝန်းကျင်မှာ ခိုင်မာနေတာတွေ့ရပါတယ်။

အိန္ဒိယအနေနဲ့ အခုလို ပဲဈေးတွေဆက်တက်နေမယ်ဆိုရင် ပဲတင်သွင်းခွင့်ကာလကို မတ်လ ၃၁ ရက် ကနေ နောက် ၃ လ သက်တမ်းထပ်တိုးနိုင်ဖွယ်ရှိတယ်လို့ အိန္ဒိယဘက်က သတင်းတွေမှာ သုံးသပ်ထားကြပါတယ်။

Ref: Local News and India Market

Source: Current Content

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၃၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၃၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## တရုတ်နိုင်ငံက ဆန်၊ ဆန်ကွဲအပါအဝင် ကုန်စည် ၇ မျိုးကို တင်သွင်းခြင်း ယာယီရပ်နားကြောင်း မြန်မာဘက်ခြမ်းကို အသိပေး

ရွှေလီမြို့ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေး Task Force က မြန်မာနိုင်ငံကနေ ကုန်စည်အချို့တင်သွင်းခြင်းကို ယာယီ ရပ်နားထားကြောင်း မြန်မာအာဏာပိုင်တွေထံ အသိပေးအကြောင်းကြားထားပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဝင်ရောက်မှုကို တားဆီးဖို့နဲ့ ကပ်ရောဂါတွေကို သိပ္ပံနည်းကျကျ တားဆီးကာကွယ်ဖို့အတွက် တရုတ် FDA ဥပဒေ၊ စားသောက်ကုန်တင်သွင်း/တင်ပို့ခြင်းဥပဒေတို့အရ၊ နောက်ပြီး ဝမ်တိန်-မန့်မန်ဂိတ်ပေါက်(ဂိတ်ဝ) ကုန်စည် သယ်ပို့မှု ပြန်လည်ဖွင့်လှစ်ဖို့ Working Group ရဲ့ Plan (ယာယီ) သတ်မှတ်ချက်အရလို့ အကြောင်းပြပါတယ်။

တရုတ်ရဲ့ကြေညာချက်အရ ဝမ်တိန်-မန့်မန်ဂိတ်ဝကနေ ဆန်၊ ဆန်ကွဲ၊ ငရုတ်စိမ်း၊ အအေးခန်းစနစ်သုံး သယ်ယူကုန်စည်၊ အေးခဲလတ်ဆတ်/အေးခဲကုန်စည်၊ ရေထွက်ကုန်စည်၊ နေ့စဉ်သုံးကုန်ပစ္စည်းနဲ့ထုပ်ပိုးလွယ်ကူသော စားသောက်ကုန်တို့ကို တင် သွင်းခြင်း ယာယီရပ်ဆိုင်းသွားမှာလည်းဖြစ်ပါတယ်။

Source: BETV Business

## ၂၀၂၂ ခုနှစ်အတွင်း မြန်မာ-တရုတ်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံဘက်သို့ ကြံတန်ချိန် ၃၇,၀၀၀ ကျော် တင်ပို့နိုင်ခဲ့

၂၀၂၂ ခုနှစ်အတွင်း မြန်မာ-တရုတ်နယ်စပ်ဂိတ်ဖြစ်သည့် ယူနန်-ချင်းရွှေဟော်နယ်စပ်အဝင်အထွက် စစ်ဆေးရေးဂိတ်မှ တဆင့် တရုတ်နိုင်ငံဘက်သို့ ကြံတန်ချိန် ၃၇,၀၀၀ ကျော်အားတင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ဆင်ဟွာသို့ ယနေ့ မတ် ၁၅ ရက်တွင်ပြောသည်။

"ယူနန်-ချင်းရွှေဟော်နယ်စပ်ဘက်ကနေ ကြံတွေကို တင်ပို့တာပါ။ တရုတ်နိုင်ငံဘက်ကနေ သကြားပြန်ထုတ်တာပါ။ တရုတ် နိုင်ငံကို တင်ပို့နိုင်တဲ့အခါ ကျွန်တော်တို့ မြန်မာဘက်က ကြံစိုက်တဲ့ တောင်သူတွေအနေနဲ့ ဈေးပိုရတာပေါ့'' ဟု ဦးဝင်းဌေးက ပြောသည်။

ပြည်တွင်းတွင် ရောင်းချပါက ကြံတစ်တန်လျှင် ၆၈,၀၀၀ ကျပ်သာဈေးရရှိပြီး တရုတ်နိုင်ငံဘက်သို့ တင်ပို့ရသည့်အခါ ကြံတစ်တန်လျှင် မြန်မာငွေကျပ် ၁သိန်းကျော် ပေါက်ဈေးရရှိသည့်အတွက် တောင်သူများအနေဖြင့် ပိုမိုတွက်ခြေကိုက်ကြောင်း ၎င်းကဆိုသည်။

နှစ်စဉ် နိုဝင်ဘာလမှ ဧပြီလအထိသည် မြန်မာနိုင်ငံတွင် ကြံရိတ်သိမ်းသည့် ရာသီဖြစ်ကြောင်း၊ လက်ရှိတွင် COVID-19 ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုခံရနေချိန်တွင် ကြံတင်သွင်းတင်ပို့မှုကိစ္စကို ဖြေရှင်းရန်အတွက် တရုတ်နိုင်ငံ ယူနန်ပြည်နယ် လင်ချန်းရှိ ချင်းရွှေဟော်နယ်စပ် အဝင်အထွက် စစ်ဆေးရေးဂိတ်မှတစ်ဆင့် တင်သွင်းနိုင်ရေးအတွက် နှစ်နိုင်ငံညှိနှိုင်း ဆွေးနွေးပြီးနောက် လူနှင့်ကုန်စည်ခွဲထုတ်ခြင်း၊ အပိုင်းလိုက် သယ်ယူပို့ဆောင်ခြင်း၊ လမ်းပိတ်၍ စီမံခန့်ခွဲခြင်း စသည့်လုပ်ငန်း အစီအစဉ်များကို အတည်ပြုခဲ့ကာ နယ်စပ်ဂိတ်၌ ကြံသယ်ယူပို့ဆောင်ရေးယာဉ်များအတွက် "အစိမ်းရောင်လမ်းကြောင်း" ဖွင့်လှစ်ပြီး မြန်မာနိုင်ငံမှ ကြံများ အဆင်ပြေချောမွေ့စွာ၊ မြန်ဆန်စွာ ဂိတ်ဖြတ်သန်းဝင်ရောက်နိုင်ရေး ဝန်ဆောင်မှုပေးခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး၏ ထုတ်ပြန်ချက်အရသိရသည်။

၂၀၂၂ ခုနှစ်တွင် ယူနန်-ချင်းရွှေဟော်နယ်စပ်အဝင်အထွက်စစ်ဆေးရေးဂိတ်သို့ ကြံသယ်ယူပို့ဆောင်ရေးယာဉ် ၃,၈၃၁ စီး ဝင်ရောက်ခဲ့ပြီး ကြံတန်ချိန် ၃၇,၄၀၀ အဆင်ပြေစွာ ဂိတ်ဖြတ်သန်းနိုင်ခဲ့ကြောင်းသိရသည်။ ထို့ပြင် တစ်ပတ်ကျော်ကြာ ပိတ်ထားခဲ့သော "ကျင်စန်းကျော့" နယ်စပ်ဂိတ်ကို မတ်လ ၁၂ ရက်နေ့ မြန်မာစံတော်ချိန် မွန်းလွဲပိုင်းတွင် ပြန်လည်ဖွင့်လှစ် ခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး၏ ထုတ်ပြန်ချက်အရသိရသည်။ "ဈေးပိုရတဲ့အတွက် ကြံတောင်သူတွေကလည်း တရုတ်နိုင်ငံကို ပိုပြီးတင်ပို့ချင်တယ်။ ကြံကားတွေ အခုထက် ပိုမိုတင်ပို့နိုင်ဖို့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကို ကျွန်တော်တို့အသင်းအနေနဲ့ တင်ပြထားတာရှိပါတယ်'' ဟု ဦးဝင်းဌေးက ဖြည့်စွက်ပြောကြားခဲ့သည်။

**Source: Xinhua**



TIR

## ဘတ်/ကျပ် ပေးချေခွင့်ပြုပြီးနောက် အိန္ဒိယ-မြန်မာနယ်စပ်ကုန်သွယ်မှုတွင် ရူပီး/ကျပ် တိုက်ရိုက်အသုံးပြုပေးချေခွင့်ပြုရန် ရည်ရွယ်နေ

ထိုင်း-မြန်မာနယ်စပ်မှာ ဘတ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေခြင်းကို ခွင့်ပြုခဲ့ပြီးနောက် အနာဂတ်ကာလမှာ အိန္ဒိယ-မြန်မာနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုတွင်လည်း ရူပီး/ကျပ် အသုံးပြုပေးချေခွင့်ပြုဖို့ ရည်ရွယ်လျက်ရှိကြောင်း ပြန်ကြားရေးဝန်ကြီးဌာန(MOI)နဲ့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန(MIFER)တို့ရဲ့ ပူးတွဲထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

မြန်မာအစိုးရက ထိုင်းဘတ်ငွေကို တရားဝင်ငွေကြေးအဖြစ် ယခုလမှစတင်ကာ လက်ခံဖို့သဘောတူညီခဲ့ပြီး ထိုင်းနိုင်ငံက နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများအတွက် ၎င်းရဲ့ နိုင်ငံသုံးငွေကို မြန်မာကျပ်နဲ့ လဲလှယ်ခွင့်ပြုတဲ့ ဒုတိယမြောက်နိုင်ငံလည်းဖြစ်ပါတယ်။ MOI နဲ့ MIFER တို့ရဲ့ ပူးတွဲထုတ်ပြန်ချက်တွင် ထိုင်းနိုင်ငံက တရုတ်ပြီးရင် မြန်မာနိုင်ငံရဲ့ ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်တာကြောင့် ထိုင်းဘတ်ငွေပဏာမခြေလှမ်းက သိသာထင်ရှားတဲ့ ဖွံ့ဖြိုးတိုးတက်မှုတစ်ခုဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

မြန်မာအစိုးရအနေနဲ့ အိန္ဒိယနိုင်ငံနဲ့ ထိစပ်နေတဲ့ နယ်စပ်တစ်လျှောက် ကုန်သွယ်မှုတွင်လည်း အလားတူငွေကြေးကို အိန္ဒိယရူပီးကိုပြောင်းလဲနိုင်ဖို့ ရည်ရွယ်ထားတယ်လို့ ထုတ်ပြန်ချက်မှာပါရှိပါတယ်။ ပထမအကြိမ်ခွင့်ပြုခဲ့တဲ့ တရုတ်-မြန်မာနယ်စပ်ကုန်သွယ်မှုအတွက် ယွမ်/ကျပ်တိုက်ရိုက်ပေးချေမှုကို ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းမှာစတင်ခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးအတွက် အမေရိကန်ဒေါ်လာမဟုတ်တဲ့ တိုက်ရိုက်ငွေကြေးကို တိုးမြှင့်အသုံးပြုခြင်းက အိမ်နီးချင်းနိုင်ငံတွေနဲ့ မြန်မာနိုင်ငံတို့ရဲ့ ခိုင်မာတဲ့ နှစ်ဖက်ဆက်ဆံရေးကို မီးမောင်းထိုးပြနေတယ်လို့ဆိုပါတယ်။ "အိမ်နီးချင်းနိုင်ငံတွေနဲ့ ဒီလိုအစီအမံတွေ အောင်မြင်နိုင်ရင် မြန်မာတစ်နိုင်ငံလုံးရဲ့ ကုန်သွယ်မှုပမာဏ ၇၀ ရာခိုင်နှုန်းအထိ အမေရိကန်ဒေါ်လာအပေါ် မှီခိုနေရခြင်းကို တဖြည်းဖြည်းချင်း လျှော့ချနိုင်မှာပါ"လို့ ဝန်ကြီးနှစ်ဦးက ပူးတွဲထုတ်ပြန်ချက်မှာ ပြောကြားထားပါတယ်။

ထိုအစီအစဉ်တွေက နိုင်ငံအတွင်းရှိ ငွေသားပြတ်လပ်မှုဆိုင်ရာ စိုးရိမ်မှုတွေကိုလျှော့ပါးစေပြီး အမေရိကန်ဒေါ်လာငွေလဲနှုန်းမြင့်တက်မှုကြောင့်ဖြစ်ပေါ်တဲ့ ငွေကြေးဖောင်းပွမှုကိုလည်း လျှော့ချနိုင်မှာဖြစ်တယ်လို့ ဆိုထားပါတယ်။

**Source: BETV Business**

## သီလဝါအထူးစီးပွားရေးဇုန်အတွင်း နိုင်ငံပေါင်း ၂၀ မှ စက်ရုံပေါင်း ၁၁၃ ရုံ လာရောက်ရင်းနှီးမြှုပ်နှံထားပြီး လုပ်ငန်းလည်ပတ်နေသော စက်ရုံ၊ အလုပ်ရုံ ၉၃ ရုံအနက် ၈၅ ရာခိုင်နှုန်းခန့်စက်ရုံများ ပုံမှန်နီးပါးလည်ပတ်လျက်ရှိ




https://news-eleven.com/article/227571

သီလဝါအထူးစီးပွားရေးဇုန်အတွင်း နိုင်ငံပေါင်း ၂၀ မှ စက်ရုံပေါင်း ၁၁၃ ရုံ လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိပြီး လုပ်ငန်းလည်ပတ်နေသောစက်ရုံ၊ အလုပ်ရုံ ၉၃ ခု အနက် ၈၅ ရာခိုင်နှုန်းခန့်စက်ရုံများ ပုံမှန်နီးပါးလည်ပတ်လျက်ရှိကြောင်း MTSH ၏ ၂၀၂၀-၂၀၂၁ နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားသည်။

"COVID-19 ကပ်ဘေးနှင့်အခြေအနေအရပ်ရပ်ကြောင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုကျဆင်းခဲ့ခြင်းကြောင့် မြေငှားရမ်းခြင်းလုပ်ငန်းအတွက် MJTD မှဝင်ငွေမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ကျပ် ၈ဒသမ၆၂၈ ဘီလျံမှ ၂ ဒသမ ၅၈၁ ဘီလျံအထိ သိသိသာသာလျော့နည်းခဲ့ပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ နိုင်ငံပေါင်း ၂၀ မှ စက်ရုံပေါင်း ၁၁၃ ရုံ လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိပြီး လုပ်ငန်းလည်ပတ်နေသော စက်ရုံ၊ အလုပ်ရုံ ၉၃ ခုအနက် ၈၅ ရာခိုင်နှုန်းခန့် စက်ရုံများ ပုံမှန်နီးပါးလည်ပတ်လျက်ရှိပါတယ်"ဟု MTSH ဥက္ကဋ္ဌဦးဝင်းအောင်က ပြောကြားခဲ့သည်။

သီလဝါအထူးစီးပွားရေးဇုန် A ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်နည်းတူ ဇုန် B ကိုလည်း အပိုင်းလိုက်ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလကုန်အထိ စက်ရုံပေါင်း ၁၂၂ ခုနှင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်းဒေါ်လာ ၂၁၄၉ သန်းကျော်ရှိနေပြီဖြစ်ကြောင်း၊ လက်ရှိတွင် စက်ရုံပေါင်း ၁၀၂ ခု လည်ပတ်လျက်ရှိကြောင်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု

ဝန်ကြီး ဒေါက်တာပွင့်ဆန်းက ပြောကြားသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအကုန်ထိ သီလဝါအထူးစီးပွားရေးဇုန်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၂ ဒသမ ၁၇၂ ဘီလျံ(၂၁၇၂ ဒသမ ၉၀၂ သန်း) အထိ ခွင့်ပြုပေးထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၂၂ ခုအထိ ခွင့်ပြုပေးထားပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၂ ဒသမ ၁၇၂ ဘီလျံအထိရှိသည်။ အထူးစီးပွားရေးဇုန်များအတွင်း ရင်းနှီးမြှုပ်နှံမှုများ ခွင့်ပြုပေးရာတွင် အထူးစီးပွားရေးဇုန်ဥပဒေအရ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီက ခွင့်ပြုပေးခြင်းဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် အောက်ပါရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားများကို အဆိုပြုလွှာတင်ပြလာပါက ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သဖြင့် လုပ်ငန်းရှင်များအနေဖြင့် အဆိုပြုလွှာများတင်ပြကြရန် ဖိတ်ခေါ်ထားသည်။ ယင်းလုပ်ငန်းများမှာ(က) ဓာတ်မြေသြဇာ ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ (ခ) ဘိလပ်မြေ ထုတ်လုပ်ခြင်းလုပ်ငန်းများ (ဂ) သံမဏိ ထုတ်လုပ်ခြင်းလုပ်ငန်းများ (ဃ) စိုက်ပျိုးရေးလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်း၊ အဆိုပါလုပ်ငန်းများနှင့် ဆက်စပ်သည့်လုပ်ငန်းများ (င) တန်ဖိုးမြှင့်စားသောက်ကုန်များ ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ (စ) လျှပ်စစ်ယာဉ်များထုတ်လုပ်သည့်လုပ်ငန်းများ (ဆ) ဆေးဝါးနှင့်ကျန်းမာရေးဆိုင်ရာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ၊ (ဇ) အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဖြစ်သည်။

အထက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကဏ္ဍများတွင် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအနေဖြင့် အဆိုပြုလွှာတင်ပြလာပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့တို့ကလည်း လိုအပ်သည်များကိုပံ့ပိုးကူညီ ဆောင်ရွက်သွားမည်ဟုသိရသည်။

**Source:** https://news-eleven.com/article/227571

## ညောင်လေးပင်မြို့နယ်၌ ပြောင်းဖူးဈေးကောင်းရရှိ၍ ဖူးစားပြောင်းစိုက်တောင်သူများ အဆင်ပြေလျက်ရှိ



https://www.myawady.net.mm/node/23275

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း ဖူးစားပြောင်းစိုက်ပျိုးသူ တောင်သူများအနေဖြင့် ယခုနှစ်တွင် ပြောင်းဖူးဈေးကောင်း၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ညောင်လေးပင်မြို့နယ်ရှိ တောင်သူများသည် မိုးစပါး စိုက်ပျိုးပြီး ပါကဖူးစားပြောင်းကို ဆောင်းသီးနှံအဖြစ် RICH –135 မျိုးများ စိုက်ပျိုးလေ့ရှိကြပြီး တစ်ဧကကုန်ကျစရိတ် ဆယ်သိန်းကျော်ရှိကာ ဖြစ်ထွန်းအောင်မြင်ပါက တစ်ဧကလျှင် ပျမ်းမျှခုနစ်သိန်းနှင့် ကိုးသိန်းကြားခန့် အမြတ်အစွန်းရရှိကြသည်။ ''မနှစ်ကပြောင်းဈေးညံ့တယ်။ သိပ်အဆင်မပြေဘူး။ ဒီနှစ်တော့ ပြောင်းဈေးကောင်းတော့ ကျွန်တော်တို့ ပြောင်းစိုက်တဲ့ တောင်သူတွေ  အဆင်ပြေတာပေါ့''ဟု တောင်သူဦးတင်ငွေ ကပြောသည်။

ညောင်လေးပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးနည်းစနစ် မှန်ကန်စေရေး၊ မြေသြဇာစနစ်တကျ သုံးစွဲနိုင်စေရေး၊ ပိုးမွှား ကျရောက်မှုမှ ကာကွယ်နိုင်ရေးနှင့် တစ်ဧကအထွက်နှုန်း တိုးတက်စေရေးတို့အတွက် စိုက်ပျိုးပညာပေးဝန်ထမ်းများကနည်းစနစ် များကို တောင်သူများအား ပံ့ပိုးကူညီဆောင်ရွက်ပေးကြပြီး၊ ယခုနှစ်တွင် ဖူးစားပြောင်းစိုက်ဧက ၉၄၅ ဧကလျာထားရာ ၉၃၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/23275

## ထီးချိုင့်မြို့နယ်၌ ယခုနှစ်အတွင်း စိုက်ပျိုးသည့်ကြံများ ဈေးကောင်းရရှိ



https://www.myawady.net.mm/node/23282

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်၌ ယခုနှစ်အတွင်း စိုက်ပျိုးသည့်ကြံများ ဈေးကောင်းရရှိနေကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်ဆန်း၏ ပြောပြချက်အရ သိရသည်။

၂၀၂၁ ခုနှစ်က ထီးချိုင့်မြို့နယ်မှထွက်ရှိသည့် ကြံတစ်တန်လျှင် ငွေကျပ် ၄၃၀၀၀ ရရှိပြီး ယခုနှစ်တွင် ကြံတစ်တန်လျှင် ငွေကျပ် ၆၀၀၀၀ ရရှိကာ ဈေးကောင်းရရှိ နေကြောင်း သိရသည်။ ''မနှစ်က ကြံတစ်တန်ကို ငွေကျပ် ၄၃၀၀၀ ပဲရတယ်။ ဒီနှစ် သကြားဈေးကောင်းတဲ့အတွက် ကြံတစ်တန်ကို ငွေကျပ် ၆၀၀၀၀ ရရှိတယ်။ သကြားဈေးကောင်းတော့ ကြံဈေးကောင်းတယ်'' ဟု ဒေါ်တင်ဆန်းကပြောသည်။

ထီးချိုင့်မြို့နယ်၌ ကြံစိုက်ပျိုးမှုအနေဖြင့် ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစ၍ ယနေ့အထိ ကြံစိုက်ဧက ၆၅၈၅၀ စိုက်ပျိုးထားကြောင်း သိရသည်။ ''ဒေသခံတောင်သူတွေက ကြံကိုပုံမှန်စိုက်ကြပါတယ်။ မနှစ်ကလည်း ကြံစိုက်ဧက ၆၅၈၅၀ စိုက်တယ်။ ဒီနှစ်လည်း ကြံစိုက်ဧက ၆၅၈၅၀ စိုက်တယ်'' ဟု ဒေါ်တင်ဆန်းကပြောသည်။

ကြံစိုက်ပျိုးရာတွင် ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ်ခြောက်သိန်းနှင့် ခုနစ်သိန်းကြားရှိပြီး ကြံတစ်ဧကလျှင် တန်ချိန် ၃၀ ခန့်ထွက်ရှိကြောင်းသိရသည်။ ကြံစိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၌ ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့၌ စိုက်ပျိုးကြပြီး ကသာခရိုင်နှင့်ကန့်ဘလူခရိုင်တို့၌ ကြံစိုက်ပျိုးမှု အများဆုံးဖြစ်ကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီး၌ ကြံစိုက်ပျိုးရာတွင် အထွက်ကောင်းမျိုးဖြစ်သည့် K- 95/84 ၊ နဝဒေး-၄ ၊ ဆင်းရွှေလီမျိုးများကိုလည်း စိုက်ပျိုးကြကာ မိုးစိုက်နှင့်ရေတင်စိုက်ပျိုးမှုကို ဦးစားပေးစိုက်ပျိုးကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/23282

### စီးပွားရေးသံမှူးသတင်းများ

## ရုရှားနိုင်ငံက ဓါတ်မြေသြဇာတင်ပို့မှု ဆိုင်းငံ့ခြင်းကြောင့် ဈေးနှုန်းမြင့်တက်ခြင်းနှင့်ဓါတ်မြေသြဇာရှားပါးမှုကို ဖြစ်ပေါ်စေနိုင်ခြင်း

ရုရှားနိုင်ငံအစိုးရ၏ ဓါတ်မြေသြဇာတင်ပို့မှုကို ဆိုင်းငံ့ထားရန် ဆုံးဖြတ်ချက်သည် အီးယူ၊ တောင်အမေရိကနှင့် အာဖရိကဒေသများရှိ လယ်သမားများအတွက် ဓါတ်မြေသြဇာရရှိနိုင်မှုအပေါ် ခြိမ်းခြောက်လာနိုင်ပြီး၊ ဓါတ်မြေသြဇာဈေးနှုန်းမြင့်တက်လာနိုင်ကြောင်း Agri Pulse ၏ ဝက်ဘ်ဆိုဒ် တွင် “Russian halt to fertilizer exports expected to boost prices, spur shortfalls” ခေါင်းစဉ်ဖြင့် သတင်းရေးသားဖော်ပြထားပါသည်။ ရုရှားနိုင်ငံရှိ ဓါတ်မြေသြဇာထုတ်လုပ်သူများအား ၎င်းတို့၏ ထုတ်ကုန်များကို တင်ပို့မှုယာယီရပ်ဆိုင်းထားရန် ရုရှားကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက အကြံပြုထားခြင်းဖြစ်ကြောင်း အဆိုပါသတင်းက ဖော်ပြထားပါသည်။

ရုရှားနိုင်ငံသည် စရိတ်နည်းဓါတ်မြေသြဇာအမျိုးအစားများကို အဓိကတင်ပို့သည့် နိုင်ငံဖြစ်ကြောင်း၊ ဓါတ်မြေသြဇာရှားပါးမှုကြောင့် ကမ္ဘာ့ကောက်ပဲသီးနှံထုတ်လုပ်မှုကို ခြိမ်းခြောက်လျက်ရှိကြောင်း၊ ဘီလာရုစ်နိုင်ငံသည်လည်း အီးယူ၊ တောင်အမေရိကနှင့်အမေရိကန်နိုင်ငံတို့အတွက် ပိုတက်ရှ်ဓါတ်မြေသြဇာ အဓိကတင်ပို့သူဖြစ်ပြီး၊ ဘီလာရုစ်အနေဖြင့် လစ်သူရေးနီးယားနိုင်ငံ၊ Klaipeda ဆိပ်ကမ်းမှတစ်ဆင့် တင်ပို့ရန်အခက်အခဲများကြောင့် ပိုတက်ရှ်ဓါတ်မြေသြဇာကို တင်ပို့ခြင်းမပြုတော့ကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် လာမည့်ဧပြီလတွင် ဘီလာရုစ်နိုင်ငံမှ ပိုတက်ရှ်ဓါတ်မြေသြဇာအပေါ် မြင့်မားသောအခွန်နှုန်းထားများ ပြဋ္ဌာန်းသွားရန် စီစဉ်ထားကြောင်း ဖော်ပြထားပါသည်။

ရုရှားနှင့်ဘီလာရုစ်နိုင်ငံတို့မှ ဓါတ်မြေသြဇာတင်ပို့မှု ရပ်ဆိုင်းထားချိန်ကြာလာသည်နှင့်အမျှ ကမ္ဘာတစ်ဝန်းရှိ လယ်သမားများအပေါ် သက်ရောက်မှု ပိုမိုကြီးမားလာမည်ဖြစ်သည်ဟု Rabobank မှ လယ်ယာသွင်းအားစုလေ့လာသုံးသပ်သူ Sam Taylor

က ပြောကြားပါသည်။ ဓါတ်မြေဩဇာ တင်ပို့မှုဆိုင်းငံ့ထားခြင်းသည် ကာလကြာရှည်မည့် လက္ခဏာများရှိကြောင်း ၎င်းက ဆိုသည်။ အီးယူနိုင်ငံများအနေဖြင့် ယူရီးယားဓါတ်မြေဩဇာတင်သွင်းမှု၏ (၂၆) ရာခိုင်နှုန်း၊ ဖော့စဖိတ်တင်သွင်းမှု၏ (၂၆) ရာခိုင်နှုန်းနှင့် ပိုတက်ရှ်တင်သွင်းမှု၏ (၂၁) ရာခိုင်နှုန်းခန့်ကို ရုရှားနိုင်ငံအပေါ် မှီခိုနေရကြောင်း၊ ဘရာဇီးလ်နိုင်ငံ၏ ပိုတက်ရှ် တင်သွင်းမှု (၄၆) ရာခိုင်နှုန်း၊ ယူရီးယားတင်သွင်းမှု၏ (၂၀) ရာခိုင်နှုန်းနှင့် ဖော့စဖိတ်တင်သွင်းမှု၏ (၁၃) ရာခိုင်နှုန်းတို့သည်လည်း ရုရှားနိုင်ငံမှ ဖြစ်ကြောင်း Sam Taylor က ပြောကြားသည်ဟု ဖော်ပြထားပါသည်။

ကမ္ဘာ့ပဲပုတ်အများဆုံး ထုတ်လုပ်တင်ပို့သည့်နိုင်ငံဖြစ်ပြီး၊ ပြောင်းအဓိက ထုတ်လုပ်သည့်နိုင်ငံလည်းဖြစ်သော ဘရာဇီးလ် နိုင်ငံအနေဖြင့် ယခုနှစ်နှောင်းပိုင်းကာလအထိ စိုက်ပျိုးမှုများစွာ ပြုလုပ်ဦးမည်မဟုတ်သော်လည်း ရုရှားနှင့်ဘီလာရုစ်နိုင်ငံတို့မှ ဓါတ်မြေဩဇာ မရရှိနိုင်ခြင်းသည် အဓိကသက်ရောက်မှုရှိလာနိုင်ကြောင်း သိရပါသည်။ ရုရှားနိုင်ငံ၏ ဓါတ်မြေဩဇာတင်ပို့မှု ပိတ်ပင်ထားခြင်းကြောင့် အာဖရိကနိုင်ငံများအပေါ်တွင်လည်း သက်ရောက်မှုရှိကြောင်း အပြည်ပြည်ဆိုင်ရာ စားသောက်ကုန် မူဝါဒသုတေသနအဖွဲ့အစည်းမှ senior fellow ဖြစ်သူ Joe Glauber က ပြောကြား သည်ဟု သတင်းတွင်ဖော်ပြထားပါသည်။

ဥရောပရှိလယ်သမားများအနေဖြင့် အထူးသဖြင့် ထိခိုက်မှုရှိလာနိုင်ပြီး၊ ဥရောပအနေဖြင့် ကိုယ်ပိုင်နိုက်ထရိုဂျင် ဓါတ်မြေဩဇာ ထုတ်လုပ်နိုင်ရေးတွင် သဘာဝဓါတ်ငွေ့ရရှိနိုင်မှုသည် အဓိကအချက်ဖြစ်ကြောင်း၊ သဘာဝဓါတ်ငွေ့စျေးနှုန်းများ မြင့်မားနေခြင်းကြောင့် ဥရောပ၌ ဓါတ်မြေဩဇာထုတ်လုပ်နိုင်မှုလျော့နည်းမည့် အခြေအနေရှိနေကြောင်း Sam Taylor က ပြောကြားပါသည်။ အမေရိကန်နိုင်ငံအနေဖြင့် ဓါတ်မြေဩဇာတင်သွင်းမှုအပေါ် မှီခိုရမှုသည် ဘရာဇီးလ်နိုင်ငံထက် များစွာ လျော့နည်းသော်လည်း အမေရိကန်လယ်သမားများအနေဖြင့် ဓါတ်မြေဩဇာစျေးနှုန်းမြင့်မားမှုကို ကြုံတွေ့နေရပြီးဖြစ်ရာ ယခုကဲ့သို့ ဓါတ်မြေဩဇာတင်ပို့မှုရပ်ဆိုင်းထားခြင်းကြောင့် ပိုမိုဆိုးရွားသည့်အခြေအနေကို ရင်ဆိုင်ရနိုင်ကြောင်း၊ စိုက်ပျိုးရေး သွင်းအားစုကုန်ကျစရိတ်များသည် ရုရှား-ယူကရိန်းပဋိပက္ခ မတိုင်မီကပင် မြင့်တက်နေခဲ့ပြီးဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားပါသည်။

**Source:** https://www.agri-pulse.com/articles/17312-russian-halt-to-fertilizer-exports-expected-to-boost-prices-spur-shortfalls

**ကျော်စိန်ဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်)**

## ဟောင်ကောင်ဒေသရှိ ParknShop အပါအဝင် အချို့သော စူပါမားကတ်နှင့်စတိုးဆိုင်များသည် ၂-၃-၂၀၂၂ ရက်နေ့မှ စတင်၍ ဆိုင်ဖွင့်ချိန် လျှော့ချမည်ဖြစ်ကြောင်း

ဟောင်ကောင်ဒေသ၌ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားလျက်ရှိသဖြင့် ParknShop ဆိုင်သည် ၂-၃-၂၀၂၂ ရက်နေ့မှ စတင်၍ ဆိုင်ဖွင့်ချိန်လျှော့ချမည်ဖြစ်ကြောင်း အချို့သော ဆိုင်ခွဲ(၁၂)ဆိုင်အား ညနေ (၀၃:၀၀) နာရီတွင် ပိတ်သိမ်းမည်ဖြစ် ကြောင်း ၂-၃-၂၀၂၂ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ “ParknShop shortens operation hours for supermarkets” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါးတွင် ဟောင်ကောင်ဒေသ၌နေထိုင်သူအားလုံး ကိုဗစ်-၁၉ ရောဂါစစ်ဆေးနိုင်ရန် ၁၇-၃-၂၀၂၂ ရက်နေ့မှစတင်၍ကျယ်ပြန့်သည့် Lockdown ပြုလုပ်နိုင်ချေရှိသောကြောင့် ဒေသခံများသည်စားသောက်ကုန်များနှင့် ဆေးဝါး များအား အလုအယက်ကြိုးပမ်းဝယ်ယူလျက်ရှိကြောင်း၊ဒေသခံအာဏာပိုင်များအနေဖြင့် လိုအပ်သော စားသောက်ကုန်ပစ္စည်းများ ဝယ်ယူရန် နေအိမ်ပြင်ပသို့ ထွက်ခွာခွင့်ပြုရန် စဉ်းစားလျက်ရှိကြောင်း၊ သို့သော် ဒေသခံများသည် ဆေးဝါး၊ ပေါင်မုန့်၊ အသား၊ ဆန်၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ခေါက်ဆွဲ၊ စည်သွပ်ဘူး၊ အေးခဲအသားနှင့် သန့်စင်ခန်းသုံး တစ်ရှူးစက္ကူများအား ဝယ်ယူလျက်ရှိပြီး ဆိုင်များ၌ ပြတ်လပ်လျက်ရှိကြောင်း၊ ဝယ်ယူသူများအနေဖြင့် ဆိုင်များ၌ ငွေပေးချေရန် နာရီဝက် (သို့မဟုတ်) ၁နာရီခန့် စီတန်းစောင့်ဆိုင်းလျက်ရှိကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသရှိ အချို့သော စူပါမားကတ်များမှာ ညနေ (၁၅:၀၀) နာရီတွင် လည်းကောင်း၊ အချို့ဆိုင်များမှာ ညနေ (၁၈:၃၀) နာရီတွင်လည်းကောင်း၊ အချို့သောဆိုင်များမှာ ယခင်ပုံမှန် ဖွင့်ချိန်ထက် (၂) နာရီစော၍လည်းကောင်း အသီးသီး ဆိုင်များ ပိတ်သိမ်းမည်ဖြစ်ကြောင်း၊ Watsons စတိုးဆိုင်သည်လည်း ဆိုင်ဖွင့်ချိန်များကို ချိန်ညှိဆောင်ရွက်မည်ဖြစ်ကြောင်း၊

ကျန်းမာရေးနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုသူများအနေဖြင့် စတိုးဆိုင်မန်နေဂျာ သို့မဟုတ် ဆေးပညာရှင်နှင့် တိုက်ရိုက်ချိတ်ဆက်ရန် တိုက်တွန်းပြောကြားထားကြောင်း၊ လူစွမ်းအားပြတ်လပ်လျက်ရှိသဖြင့် ၁-၃-၂၀၂၂ ရက်နေ့မှ ၁၆-၃-၂၀၂၂ ရက်နေ့အတွင်း ကုန်ပစ္စည်းပို့ဆောင်သည့် ဝန်ဆောင်မှုနှောင့်နှေးကြန့်ကြာမည်ဖြစ်ကြောင်း၊ ကုန်ပစ္စည်းမပို့ဆောင်မီ နောက်ဆုံးအခြေအနေအား SMS Message ပို့၍ အကြောင်းကြားမည်ဖြစ်ကြောင်း၊ အွန်လိုင်းဆိုင်များတွင် ဝယ်ယူရန် ကြိုတင်မှာယူမှုများဖြင့် ပြည့်လျက်ရှိကြောင်း၊ Watsons အနေဖြင့် အွန်လိုင်းဈေးဝယ်ယူမှုများနှင့် ကုန်ပစ္စည်း ပို့ဆောင်မှုများအား Watsons app ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပစ္စည်းမှာယူသည့်နေ့မှာပင် (၁၄:၀၀) နာရီမတိုင်မီ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ Watsons ဆိုင်ခွဲ (၆၀)သည် Foodpanda Mall ၌ ကုန်ပစ္စည်း (၁,၄၀၀)ကျော်အားရောင်းချလျက်ရှိပြီး ဟောင်ကောင်ဒေါ်လာ (၆) ဒေါ်လာအထက်ဝယ်ယူသူများအား အခမဲ့ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ Mannings စတိုးဆိုင်သည်လည်း (၅၃) ဆိုင်အား ယာယီပိတ်သိမ်းထားမည်ဖြစ်ကြောင်းကြေညာခဲ့ပြီး အခြားသော (၃၈)ဆိုင်တွင်လည်း အွန်လိုင်းဈေးဝယ်ယူမှုများအတွက် ပစ္စည်းရွေးယူခြင်းဝန်ဆောင်မှုအား ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်းစသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: အေးသီခိုင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်)**

## တောင်ကိုရီးယားနိုင်ငံ၏ ၂၀၂၂ ခုနှစ်၊ မတ်လ (၁) ရက်မှ (၁၀)ရက်နေ့ထိ ကုန်သွယ်မှုအခြေအနေ



This file photo, taken Feb. 11, 2022, shows stacks of containers at a port in South Korea's southeastern city of Busan. (Photo Courtesy: Yonhap)

Korea Customs Agency ၏ ကုန်သွယ်မှုစာရင်းအချက်အလက်များအရ တောင်ကိုရီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ်၊ မတ်လ (၁) ရက်မှ (၁၀)ရက်နေ့ထိ လဆန်း (၁၀) ရက်တာအတွင်း ပို့ကုန်အမေရိကန်ဒေါ်လာ (၁၈.၇၃၅) ဘီလီယံ၊ သွင်းကုန်အမေရိကန်ဒေါ်လာ (၂၀.၁၂၅)ဘီလီယံ၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ (၃၈.၈၆) ဘီလီယံဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ပို့ကုန်တွင် ယခင်နှစ်ကာလတူထက် (၁၄.၉) ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး၊ သွင်းကုန်တွင် ယခင်နှစ်ကာလတူထက် (၁၅.၃) ရာခိုင်နှုန်းမြင့်တက်ခဲ့ကာ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ (၁.၃၉) ဘီလီယံဖြစ်ပေါ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

အဆိုပါကာလအတွင်း နိုင်ငံ၏ အဓိကပို့ကုန်ဖြစ်သော ဆီမီးကွန်ဒတ်တာသည် ယခင်နှစ်ကာလတူထက် (၂၈.၅) ရာခိုင်နှုန်း၊ သံမဏိ(Steel) များသည် (၂၅.၆) ရာခိုင်နှုန်းနှင့် ရေနံထွက်ကုန်များသည် (၉၈.၈) ရာခိုင်နှုန်း အသီးသီးတိုးတက်တင်ပို့လာနိုင်ခဲ့ကြောင်း၊ အဓိကကုန်သွယ်ဖက်များ ဖြစ်သော တရုတ်နိုင်ငံသို့ (၁၃.၅)ရာခိုင်နှုန်း၊ အမေရိကန်ပြည်ထောင်စုသို့ (၇.၂) ရာခိုင်နှုန်း၊ ဥရောပ သမဂ္ဂနိုင်ငံများသို့ (၉) ရာခိုင်နှုန်းအသီးသီး တိုးတက်တင်ပို့နိုင်ခဲ့ကြောင်းတွေ့ရှိရပြီး၊ မော်တော်ယာဉ်တင်ပို့မှုတွင် (၂၈) ရာခိုင်နှုန်းနှင့် ဆက်သွယ်ရေးပစ္စည်းတင်ပို့မှုတွင် (၁၀.၉) ရာခိုင်နှုန်းခန့် လျော့နည်းတင်ပို့ခဲ့ကြောင်း တွေ့ရှိရပါသည်။

ကုန်စည်ဈေးနှုန်းများမြင့်တက်လာခြင်းကြောင့် သွင်းကုန်တန်ဖိုး ပိုမိုမြင့်တက်လာခဲ့ပြီး၊ ရေနံစိမ်းတင်သွင်းမှုသည် (၉၈.၈) ရာခိုင်နှုန်း၊ ဓါတ်ငွေ့တင်သွင်းမှု (၈၇) ရာခိုင်နှုန်း၊ ရေနံထွက်ကုန်တင်သွင်းမှု (၄၆.၃) ရာခိုင်နှုန်းနှင့် ဆီမီးကွန်ဒတ်တာတင်သွင်းမှု (၁၈.၈) ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ နိုင်ငံအလိုက်တင်သွင်းမှုတွင် တရုတ်နိုင်ငံထံမှ (၁၈.၃) ရာခိုင်နှုန်း၊ အမေရိကန်ပြည်ထောင်စုထံမှ (၀.၈) ရာခိုင်နှုန်းနှင့်ဆော်ဒီအာရေဗျနိုင်ငံမှတင်သွင်းမှု (၁၀၉.၂) ရာခိုင်နှုန်း အသီးသီးမြင့်တက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။

**Source: Yonhap News Agency (11–3–2022)**

**ဝင်းပပသူ (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့)**

# STOCK EXCHANGE (17.3.2022)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 17th Mar. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | -100 | -1.23% | 8,000 | 8,000 | 8,000 | 192 | 1,536,000 | 33,109,694 | 264,878 |
| MTSH | 00002 | 2,800 | -100 | -3.45% | 2,850 | 2,850 | 2,800 | 1,403 | 3,950,350 | 38,929,150 | 109,002 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 5 | 39,500 | 10,400,986 | 82,168 |
| FPB | 00004 | 18,500 | +0 | +0.00% | 18,500 | 18,500 | 18,500 | 50 | 925,000 | 2,472,053 | 45,733 |
| TMH | 00005 | 2,600 | -100 | -3.70% | 2,600 | 2,600 | 2,600 | 1 | 2,600 | 12,823,224 | 33,340 |
| EFR | 00006 | 2,750 | +50 | +1.85% | 2,700 | 2,750 | 2,700 | 345 | 931,750 | 19,977,223 | 54,937 |
| AMATA | 00007 | 5,100 | +0 | +0.00% | 5,100 | 5,100 | 5,100 | 0 | 0 | 10,497,598 | 53,538 |

## Market summary

As of 17th Mar. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 369.96 | -4.31 | -1.15% | 370.51 | 370.51 | 369.39 | 1,996 | 7,385,200 | 7 | 643,596 |

### Index chart




## Market Overview

### Main Board

As of 1:00 pm, 17th Mar. 2022

| MYANPIX | 369.96 ▼ 4.31 |
|---|---|
| Total Volume (shares) | 1,996 |
| Total Value (MMK) | 7 mil |
| Listed Company | 7 |
| Market Cap. (MMK) | 643,596 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▼ 100 |
| MTSH | 00002 | 2,800 | ▼ 100 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 18,500 | ▲ 0 |
| TMH | 00005 | 2,600 | ▼ 100 |
| EFR | 00006 | 2,750 | ▲ 50 |
| AMATA | 00007 | 5,100 | ▲ 0 |